## သဒ္ဓါ (၄) မျိုး

၁။ အာဂမနီယသဒ္ဓါ = သဗ္ဗညုတဘုရားလောင်းတို့၏ သဒ္ဓါတရား။

၂။ အဓိဂမသဒ္ဓါ (ပစ္စက္ခသဒ္ဓါ) = အရိယာပုဂ္ဂိုလ်တို့၏ သဒ္ဓါတရား။

၃။ ဩကပ္ပနသဒ္ဓါ = ကလျာဏပုထုဇဉ်ပုဂ္ဂိုလ်တို့၏ ရတနာသုံးပါး၌ မတုန်မလှုပ် သက်ဝင်ယုံကြည်သော သဒ္ဓါတရား။

၄။ ပသာဒသဒ္ဓါ = အန္ဓပုထုဇဉ်ပုဂ္ဂိုလ်တို့၏ ဉာဏ်မပါသော သဒ္ဓါတရား။

(ဗောဓိရာဇကုမာရသုတ်အဖွင့်) (မဇ္ဈိမပဏ္ဏာသ၊၄၂၂၅)

## သဒ္ဓါတရား ရှိသူတို့၏ လက္ခဏာများ

၁။ သီလရှိခြင်း။

၂။ ဗဟုသုတများခြင်း။

၃။ မိတ်ကောင်းရှိခြင်း။

၄။ ဆုံးမလွယ်ခြင်း။

၅။ အခြားသူတို့၏ ကိစ္စကြီးငယ်တို့ကို ကျွမ်းကျင်စွာ ဆောင်ရွက်တတ်ခြင်း။

၆။ တရားလိုလား၍ ချစ်ခင်ဖွယ် ပြောဆိုတတ်ခြင်း။

၇။ လုံ့လဝီရိယရှိခြင်း။

၈။ စျာန် (သမာဓိ) လေးပါးတို့ကို လွယ်ကူစွာရခြင်း။

၉။ ရှေးဘဝဖြစ်စဉ်တို့ကို အောက်မေ့နိုင်ခြင်း။

၁၀။ ဒိဗ္ဗစက္ခုအဘိညာဏ်ရခြင်း။

၁၁။ အာသဝေါ ကင်းသော စေတောဝိမုတ္တိ၊ ပညာဝိမုတ္တိကို ဝင်စားနေနိုင်ခြင်း။

(သုဘူတိသုတ်၊အံ၊၃၊၅၃၈) (အနုဿတိဝဂ်၊ ကောဒသကနိပါတ်)

ထေရဝါဒ ကမ္မဋ္ဌာန်းလမ်းစဉ် - ၀၄/၁၁/၂၀၂၁
အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ မေတ္တာနန္ဒဆရာတော် ဦးဃောသိတာဘိဝံသ (USA)
https://winmetta.org